မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

မဏိရတနာကျောက်စိမ်းခန်းမ(နေပြည်တော်)၌

သံကူကွန်ကရစ်(၂)ထပ်(အများသုံးသန့်စင်ခန်းနှင့် လုံခြုံရေးအဆောက်အဦ)

လုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ

**(Open Tender)**

နည်းပညာအဆိုပြုလွှာ(A)

**Lot (2)**

အိတ်ဖွင့်တင်ဒါအမှတ်စဉ်------------------------/၂၀၁၉

တင်ဒါတင်သွင်းသည့်ရက်စွဲ/အချိန်-----၂၀၁၉ /-----နာရီ

သို့

ဥက္ကဋ္ဌ

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

၁။ ကျွန်တော်/ကျွန်မတို့သည် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များ၊ လိုက်နာရမည့် အိတ်ဖွင့်တင်ဒါတင်သွင်းသူတို့၏ ညွှန်ကြားချက်ဆိုင်ရာစာရွက်စာတမ်းများကိုသေချာစွာဖတ်ရှုလေ့လာသိရှိပြီးတင်ဒါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်သဘောတူပါသဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပေးပါရန်လျှောက်ထားအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ အသုံးစရိတ်ရန်ပုံငွေဖြင့် သံကူကွန်ကရစ် (၂)ထပ် (အများသုံးသန့်စင်ခန်းနှင့် လုံခြုံရေးအဆောက်အဦ) တည်ဆောက်ခြင်းလုပ်ငန်းအတွက်လုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါလုပ်ငန်းတို့အားဆောင်ရွက်နိုင်ရန် အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့်အညီ အောက်ပါအတိုင်း တင်သွင်းလျှောက်ထားအပ်ပါသည်-

(က) တင်ဒါလျှောက်လွှာတင်သွင်းသူအမည် ၊ ----------------------------

(ခ) ကုမ္ပဏီအမည် ၊ ----------------------------

(ဂ) ကုမ္ပဏီလိပ်စာ ၊ ----------------------------

(ဃ) ကုမ္ပဏီမှတ်ပုံတင်အမှတ် ၊ ----------------------------

(မိတ္တူပူးတွဲတင်ပြရန်) ၊ ----------------------------

(င) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၊ ----------------------------

(စ) အဘအမည် ၊ ---------------------------

(ဆ) တင်ဒါအဆိုပြုသူ၏ အမြဲတမ်း ၊ ---------------------------

နေရပ်လိပ်စာ ၊ ---------------------------

(ဇ) တင်ဒါအာမခံကြေးငွေသွင်း PO Cheque ၊ ---------------------------

(မူရင်းပူးတွဲတင်ပြရန်)

(ဈ) ပြီးစီးနိုင်မည့်အချိန်ကာလ ၊ ---------------------------

(ည) အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များအတိုင်း ၊ ---------------------------

လိုက်နာနိုင်ခြင်းရှိ/မရှိ ၊ ---------------------------

တင်ဒါအဆိုပြုသူလက်မှတ် ၊---------------------------

တင်ဒါအဆိုပြုသူအမည် ၊---------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၊---------------------------

ရာထူး/ကုမ္ပဏီအမည် ၊---------------------------

ဆက်သွယ်ရန်လိပ်စာ ၊---------------------------

ဖုန်း ၊---------------------------

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သံကူကွန်ကရစ်(၂)ထပ်(အများသုံးသန့်စင်ခန်းနှင့်လုံခြုံရေးအဆောက်အဦ)
ဆောက်လုပ်ခြင်းလုပ်ငန်းအတွက်
နည်းပညာအဆိုပြုလွှာစာအိတ်-A(Technical Proposal )တွင် ပါဝင်ရမည့်အချက်များ
LOT-2

၁။ **အဆောက်အဦလုပ်ငန်းအတွေ့အကြုံ**

(က) မှတ်တမ်းဓါတ်ပုံများ
(ခ) ဌာနထောက်ခံချက်
(ဂ) withholding Tax
(ဃ) စာချုပ်မိတ္တူ

၂။ **ကွင်းဆင်းစစ်ဆေးမှု**

(က) မှတ်တမ်းဓါတ်ပုံများ
(ခ) သုံးသပ်တင်ပြချက်
(ဂ) သက်ဆိုင်ရာထောက်ခံချက်

၃။ **ကုမ္ပဏီဖွဲ့စည်းပုံ**

(က) Certificate of Incorporation
(ခ) Officers
(ဂ) Members
(ဃ) ရုံးလိပ်စာ
(င) ဖွဲ့စည်းပုံ

၄။ **ဘဏ္ဍာရေး**

(က) Balance Sheet
(ခ) Bank Statement
(ဂ) အခွန်ကင်းရှင်းကြောင်းထောက်ခံချက်

၅။ **အသိအမှတ်ပြုလက်မှတ်**

(က) MEC မှအသိအမှတ်ပြုလက်မှတ်ရှိလျှင်
(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနကန်ထရိုက်မှတ်ပုံတင်လျှောက်ထားမှုရှိလျှင်

၆။ **လုပ်ငန်းကျွမ်းကျင်မှု**

(က) လုပ်ငန်းစီမံချက် (Schedule)
(ခ) လုပ်ငန်းအစီရင်ခံစာ

၇။ **စက်ယန္တရား/ယန္တရား/လုပ်ငန်းသုံးပစ္စည်း-**

(က) စက်ယန္တရား/ယန္တရား/လုပ်ငန်းသုံးပစ္စည်းစာရင်း
(ခ) ပိုင်ဆိုင်မှုအထောက်အထား/အငှားစာချုပ်

၈။ **ကုမ္ပဏီအင်ဂျင်နီယာများ၏အရည်အချင်း**

(က) ပညာအရည်အချင်း/ကျွမ်းကျင်မှု
(ခ) P.E, R.S.E, R.E
(ဂ) လုပ်ငန်းအတွေ့အကြုံ

၉။ အဆိုပြုလုပ်ငန်းခွင်အင်ဂျင်နီယာများ၏ အရည်အချင်း

(က) လုပ်ငန်းခွင်ဖွဲ့စည်းပုံ

(ခ) ဝန်ထမ်းအင်အား

(ဂ) ပညာအရည်အချင်း Ph.D,M.E,B.E,A.G.T.I

(ဃ) P.E, R.S.E, R.E

၁၀။ တင်ဒါအာမခံငွေ (Tender Deposit) ပေးသွင်းသည့် P.O Cheque

၁၁။ တင်ဒါအဆိုပြုလွှာနှင့် တင်ဒါစည်းကမ်းချက်များ

၁၂။ အထက်ဖော်ပြပါ လုပ်ငန်းအမည်များအား ရှာဖွေရလွယ်ကူစေရန် Flag အလံများထိုးပေးပါရန်။

လျှောက်ထားသူလက်မှတ် ။-----------------------

တင်ဒါအဆိုပြုလွှာတင်သွင်းအမည် ။-----------------------

ရာထူး/ကုမ္ပဏီအမည် ။-----------------------

။-----------------------

နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ။-----------------------

ဆက်သွယ်ရန်လိပ်စာ ။-----------------------

။-----------------------

ဆက်သွယ်ရန်ဖုန်း ။-----------------------

**စာအိတ် (B)**

**Lot-2**

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

**အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ**

အိတ်ဖွင့်တင်ဒါအမှတ်စဉ် ၊ /TD/၂၀၁၈-၂၀၁၉

တင်ဒါတင်သွင်းသည့်ရက်စွဲ/အချိန်၊ . ၂၀၁၈/ နာရီ

သို့

ဥက္ကဋ္ဌ

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

အကြောင်းအရာ။ **။အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်ပြခြင်း**

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ ၂၀၁၈-၂၀၁၉ အသုံးစရိတ်လုပ်ငန်းခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် သံကူကွန်ကရစ်(၂)ထပ် (အများသုံးသန့်စင်ခန်းနှင့်လုံခြုံရေးအဆောက်အဦ)တည်ဆောက်ခြင်းလုပ်ငန်းအတွက် တင်ဒါစည်းကမ်းနှင့်အညီအိတ်ဖွင့်တင်ဒါဈေးနှုန်းအဆိုပြုလွှာကို အောက်ပါအတိုင်း တင်သွင်းလျှောက်ထားအပ်ပါသည်-

**(က) တင်ဒါအဆိုပြုလွှာတင်သွင်းသူ**

(၁) အမည် ------------------------------------------------

(၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------------

(၃) ရာထူး ------------------------------------------------

(၄) အမြဲတမ်းနေရပ်လိပ်စာ ------------------------------------------------

(၅) ဖုန်းအမှတ် ------------------------------------------------

**(ခ) တင်ဒါအဆိုပြုလွှာတင်သွင်းသည့် ကုမ္ပဏီ**

(၁) အမည် ----------------------------------------

(၂) ကုမ္ပဏီမှတ်ပုံတင်အမှတ်(မိတ္တူကိုပူးတွဲတင်ပြရန်)--------------------------

(၃) ကုမ္ပဏီတည်ထောင်သည့်ခုနှစ် ----------------------------------------

(၄) လိပ်စာ ----------------------------------------

(၅) ကြိုးဖုန်းအမှတ် ----------------------------------------

(၆) လက်ကိုင်ဖုန်းအမှတ် ----------------------------------------

**(ဂ) တင်ဒါစာမစ်ကြေးတင်သွင်းသည့် ပြေစာအမှတ်**

**(ဃ) လုပ်ငန်းတန်ဖိုး**

(၁) ဂဏန်းဖြင့် ------------------------------------------------------------

(၂) စာဖြင့် ------------------------------------------------------------

(c) စာအိတ် B တွင်ဖော်ပြထားသည့်အချက်အလက်များပါဝင်ရမည်ဖြစ်ပါသည်။

၂။ လုပ်ငန်းဆောင်ရွက်မည့်ကာလ (          )လ (          )ရက်

- အထက်ဖော်ပြပါတင်ဒါတင်သွင်းငွေဖြင့် တင်ဒါစည်းကမ်းချက်များအတိုင်း သတ်မှတ်ကာလအတွင်းဆောင်ရွက်လုပ်ကိုင်ပြီးစီးရန် ဝန်ခံကတိပြုပါသည်။
- တင်ဒါအားတစ်ကြိမ်တည်းဖွင့်လှစ်၍ မှတ်တမ်းတင်မည်ကိုသိရှိပါသည်။

| | |
|---|---|
| လျှောက်ထားသူလက်မှတ် | ၊------------------------ |
| တင်ဒါအဆိုပြုလွှာတင်သွင်းအမည် | ၊------------------------ |
| ရာထူး/ကုမ္ပဏီအမည် | ၊------------------------ |
| | ၊------------------------ |
| နိုင်ငံသားစိစစ်ရေးကဒ်အမှတ် | ၊------------------------ |
| ဆက်သွယ်ရန်လိပ်စာ | ၊------------------------ |
| | ၊------------------------ |
| ဆက်သွယ်ရန်ဖုန်း | ၊------------------------ |

သံကုက္ကနိကရစ်(၂)ထပ်(အများသုံးသန့်စင်စခန်းနှင့် လုံခြုံရေးအဆောက်အဦ)

တည်ဆောက်ခြင်းလုပ်ငန်းအတွက်

တင်ဒါတင်သွင်းသူများ၊ ဈေးနှုန်းအဆိုပြုလွှာစာအိတ် B(Price Proposal)တွင်

ထည့်သွင်းဖော်ပြရမည့်အချက်အလက်များ

Lot (2)

(က) အဆိုပြုဈေးနှုန်းထည့်သွင်းထားသည့် တင်ဒါလျှောက်လွှာ

(ခ) လုပ်ငန်းတစ်ခုချင်းအလိုက် တန်ဖိုးသင့်ထားသော ခန့်မှန်းခြေတွက်ချက်မှုစာရင်း Estimate

(ဂ) ဒေသပေါက်ဈေးနှုန်းထက်ကျော်လွန်တွက်ချက်ခြင်းမပြုထားကြောင်း ဝန်ခံချက်

(ဃ) အထက်ပါအချက်(၃)အားလုံးပါဝင်ရမည်ဖြစ်ပြီး (၃)ချက်လုံးပြည့်စုံမှုမရှိပါက ဈေးနှုန်းအဆိုပြုလွှာအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

(င) အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များအား လိုက်နာမည်ဖြစ်ကြောင်း သဘောတူလက်မှတ်ရေးထိုးပါသည်။

| | |
|---|---|
| လျှောက်ထားသူလက်မှတ် | ------------------------ |
| တင်ဒါအဆိုပြုလွှာတင်သွင်းအမည် | ------------------------ |
| ရာထူး/ကုမ္ပဏီအမည် | ------------------------ |
| | ------------------------ |
| နိုင်ငံသားစိစစ်ရေးကဒ်အမှတ် | ------------------------ |
| ဆက်သွယ်ရန်လိပ်စာ | ------------------------ |
| | ------------------------ |
| ဆက်သွယ်ရန်ဖုန်း | ------------------------ |

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

မဏိရတနာကျောက်စိမ်းခန်းမ (နေပြည်တော်)၌

သံကူကွန်ကရစ်(၂)ထပ်(အများသုံးသန့်စင်ခန်းနှင့် လုံခြုံရေးအဆောက်အဦ)

တည်ဆောက်ခြင်းလုပ်ငန်းအတွက်

တင်ဒါတင်သွင်းသူများ လိုက်နာရမည့်စည်းကမ်းများ

Lot (2)

မဏိရတနာကျောက်စိမ်းခန်းမ(နေပြည်တော်)၌ သံကူကွန်ကရစ်(၂)ထပ် (အများသုံးသန့်စင်ခန်းနှင့်လုံခြုံရေးအဆောက်အဦ) တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းသူများအနေဖြင့်အောက်ပါစည်းကမ်းချက်များလိုက်နာဆောင် ရွက်ရန်ဖြစ်သည်။

**တင်ဒါအချက်အလက်များ**

၁။ နိုင်ငံသားလုပ်ငန်းရှင်များအိတ်ဖွင့်တင်ဒါတင်သွင်းခွင့်ရှိပါသည်။

၂။ အိတ်ဖွင့်တင်ဒါတန်ဖိုးကို ကျပ်သန်းဖြင့် ဖော်ပြရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီမှတ်ပုံတင်သက်တမ်းရှိရမည်။ ကုမ္ပဏီနိုင်မာမှုနှင့် ငွေကြေးဆိုင်ရာအထောက်အထားအတွက်(၁)နှစ်အတွင်းငွေကြေးလည်ပတ်မှု (Bank Statement/Balance Sheet) အားတင်ပြရမည်။

၄။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ ရောင်းချပေးသည့် တင်ဒါပုံစံကိုသာ အသုံးပြုဖြည့်စွက်၍ တင်သွင်းရမည်ဖြစ်ပြီး အခြားပုံစံများကိုလက်ခံဆောင်ရွက်မည်မဟုတ်ပါ။

၅။ သတ်မှတ်ထားသည့်လုပ်ငန်းအမျိုးအစား၊ အသုံးပြုမည့်ပစ္စည်းအမျိုးအစား၊ ရည်အသွေး၊ ပုံစံအတိုင်းအတာပမာဏ၊ အသေးစိတ်အချက်အလက်များနှင့်ကိုက်ညီသည့် ဈေးနှုန်းသင့်ငွေနှင့်စုစုပေါင်းတန်ဖိုးတို့ကိုမှားယွင်းမှုမရှိစေဘဲ ပုံစံတွင်ဖြည့်သွင်းသည့်စာလုံးများကို ထင်ရှားပြတ်သားစွာဖော်ပြရမည်။

၆။ ခန့်မှန်းတွက်ချက်ရမည့် Detail of Measurement, Bill of Quantity, Detail Drawing, Specification အား တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ ထုတ်ပေးမည်ဖြစ် သည်။

၇။ ဒီဇိုင်းအရခန့်မှန်းတွက်ချက်ရာတွင် နေပြည်တော်ကောင်စီမှခွင့်ပြုထားသည့် ဒေသပေါက်ဈေးအတွင်းတွက်ချက်ဖော်ပြထားသည့် Detail of Measurement, Bill of Quantity, Abstract of Cost, Building Estimate,Detail Drawing တို့တွင် ကုမ္ပဏီတံဆိပ်နှင့်အင်ဂျင်နီယာလက်မှတ်ပူးတွဲတင်ပြရပါမည်။

၈။ အိတ်ဖွင့်တင်ဒါပုံစံများကို စာအိတ်ဖြင့်တင်သွင်းရမည်ဖြစ်ပြီး တင်ဒါပုံစံတွင်ပြင်ဆင်ချက်များရှိပါကပြင်ဆင်ချက်တိုင်းတွင်လက်မှတ်ထိုးရမည်။

၉။ အိတ်ဖွင့်တင်ဒါတင်သွင်းသူသည် အိတ်ဖွင့်တင်ဒါအာမခံစဘော်ငွေဖြင့် ငွေကျပ်(၂,၀၀၀,၀၀၀/-)ကျပ် အားတင်ဒါပိတ်ရက်မတိုင်မီ OA- 012570 Emporium Central Comittee MEB (နပတ) ဘဏ်တွင် Payment Order Cheque ပြုလုပ်၍တင်ဒါပိတ်ရက်(၂၈.၃.၂၀၁၉)ရက်နေ့၊ (၁၆:၀၀) နာရီနောက်ဆုံးထား၍ Payment Order Cheque ဖြင့်ပေးသွင်းရမည်ဖြစ်ပြီး ပေးသွင်းပြီး ကြောင်းမှုရင်းအားဌာနသို့ တင်ဒါပိတ်သည့်အချိန်မတိုင်မီတင်ပြရမည်။မိတ္တူအားတင်ဒါလျှောက်လွှာ နှင့်အတူပူးတွဲတင်ပြရမည်။

၁၀။ တင်ဒါမအောင်မြင်သောကုမ္ပဏီအဖွဲ့အစည်းများ၏ တင်ဒါစဘော်ငွေအားအဆိုပြုလွှာတင်သွင်းသူ များမှ အထောက်အထားပြည့်စုံစွာဖြင့် တင်ပြလာပြီး(၇)ရက်အတွင်း ပြန်လည်ထုတ်ပေးပါမည်။

၁၁။ တင်ဒါအောင်မြင်သူသည် အခြားသူသို့ တင်ဒါအခွင့်အရေးကို ထပ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ Sub Contract ပေးခြင်းမပြုလုပ်ရ။တင်ဒါကိုအကြောင်းပြု၍ရယူထားခေါ်ယူခြင်းမပြုရ။တင်ဒါအောင်မြင် သူနှင့် အခြားဆက်သွယ်လုပ်ကိုင်ရာမှ ပေါ်ပေါက်လာမည့်ပြဿနာများသည် ဤတင်ဒါကော်မတီနှင့် သက်ဆိုင်ခြင်းမရှိစေရပါ။

၁၂။ လုပ်ငန်းတန်ဖိုးတွက်ချက်ရာတွင် တင်ဒါအောင်မြင်သောကုမ္ပဏီမှ နိုင်ငံတော်သို့ပေးသွင်းရမည့်အခွန် (Withholding Tax 2%) နှင့် နိုင်ငံတော်သို့ပေးသွင်းရမည့် ကုန်သွယ်ခွန် (၅%)၊တံဆိပ်ခေါင်းခွန် တို့အား သီးခြားတွက်ချက်တင်ပြခြင်းမပြုရ။ နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် အကောက်ခွန် ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရမည်။

၁၃။ တင်ဒါအောင်မြင်သည့်ကုမ္ပဏီအနေဖြင့်လုပ်ငန်းပြီးစီးမှုအာမခံ (Performance Guarantee) အဖြစ် တင်ဒါအောင်မြင်သည့် ကျသင့်ငွေပမာဏ၏ (၁၀%)ကို OA- 012570 Emporium Central Comittee MEB (နပတ) သို့တင်ဒါအောင်မြင်ပြီး (၅)ရက်အတွင်းပေးသွင်းရမည်။ Performance Guarantee သည်ဌာနအဖွဲ့အစည်းငွေထုတ်စာရင်းသို့ ပေးသွင်းမည့်ငွေသားမဟုတ်ဘဲဌာနအဖွဲ့ အစည်း အမည်ဖြင့်သာ ဘဏ်တွင်ကတိပြုချက်၊အာမခံချက်ထားရှိခြင်းဖြစ်သည်။

၁၄။ တင်ဒါအောင်မြင်သည့်ကုမ္ပဏီသည် -

(က) လုပ်ငန်းဆောင်ရွက်ရန်လိုအပ်သော လူအင်အား၊ ယာဉ်/စက်ယန္တရားအင်အားနှင့် အထောက် အကူပြုပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိစေရေးအတွက် တာဝန်ယူဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းများကိုသတ်မှတ်ကာလအတွင်း သတ်မှတ်အရည်အသွေး၊ သတ်မှတ်ပမာဏအတိုင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရမည်။

(ဂ) လုပ်ငန်းအစီအစဉ်နှင့်တိုးတက်မှုအစီရင်ခံစာများကို လုပ်ငန်းအပ်နှံသူထံ အပတ်စဉ်ပုံမှန် တင်ပြသွားရမည်။

(ဃ) လုပ်ငန်း၏ပုံစံပြုသက်တမ်းအတိုင်း ခိုင်ခံမှုအပြည့်အဝတာဝန်ယူရမည်။

(င) ပုံစံဒီဇိုင်းနှင့်စံနှုန်းစေခြစာရင်းပါလုပ်ငန်းများအတွင်း ပြန်လည်ပြုပြင်ပေးရန် (သို့မဟုတ်) လုပ်ငန်းလိုအပ်ချက်အရ ဖြည့်စွက်လုပ်ကိုင်ပေးရန်လိုအပ်ကြောင်းစိစစ်တွေ့ရှိရပါက လုပ်ငန်းအပ်နှံသူကျေနပ်သည်အထိ လုပ်ငန်းဆောင်ရွက်သူ၏ ငွေ/ပစ္စည်း/လုပ်အားတို့ဖြင့် ပြန်လည်ဆောင်ရွက်ပေးရမည်။

(စ) လုပ်ကိုင်ခွင့်ရရှိသောလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအခြားဌာန / အဖွဲ့အစည်းများသို့ ပေးဆောင်ရမည့်သတ်မှတ်အခွန်အခများကို တာဝန်ယူပေးဆောင်ရမည်။

(ဆ) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာဆောင်ရွက်ရမည်။

(ဇ) လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ရှိလုပ်သားများ ထိခိုက်နစ်နာမှုရှိပါက တာဝန်ယူဖြေရှင်းပေးရမည်။ ထို့ပြင်ကလေးလုပ်သားများစေခိုင်းခြင်းမပြုရ။

(ဈ) ပြည်ထောင်စုစာရင်းချုပ်ရုံးစာရင်းစစ်အဖွဲ့၏စစ်ဆေးအတည်ပြုချက်ကိုလည်းကျေနပ်စွာဖြင့် ခံယူရမည်ကို ကြိုတင်သိရှိပြီးဖြစ်ရမည်။

(ည) မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ အတည်ပြုသတ်မှတ်ထားသည့် စာချုပ်စည်းကမ်းနှင့်အညီလိုက်နာဆောင်ရွက်ရမည်။

(ဋ) နိုင်ငံတော်မှထုတ်ပြန်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် သက်ဆိုင်ရာနေပြည်တော်ကောင်စီ၏ ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များကိုလိုက်နာရမည်။

၁၅။ လုပ်ငန်းအားလုံးပြီးစီး၍ လုပ်ငန်းလွှဲပြောင်း/လက်ခံဆောင်ရွက်ပြီးပါက သက်ဆိုင်ရာပြည်ထောင်စုစာရင်းစစ်ရုံး၏ စစ်ဆေးမှုကိုခံယူခြင်း၊စာရင်းစစ်ကန့်ကွက်ချက်၊ အကြံပေးချက်၊ညွှန်ကြားချက်များအရပြန်လည်ပေးသွင်းရမည့်ငွေများနှင့် ဒဏ်ကြေးပေးဆောင်ရန်ရှိပါက ပေးဆောင်ရမည့်ဒဏ်ကြေးများပေးသွင်းခြင်းကို တင်ဒါရွေးချယ်ရသည့် ကုမ္ပဏီမှ ကျခံပေးသွင်းရမည်။

၁၆။ တင်ဒါအောင်မြင်သူမှ လုပ်ငန်းမဆောင်ရွက်နိုင်ပါက တင်ဒါတင်သွင်းသူများထံမှ ဒုတိယဦးစားပေးရွေးချယ်ထားသူကို ပထမအောင်မြင်သူ၏ဈေးနှုန်းအတိုင်း ဆက်လက်ရွေးချယ်ဆောင်ရွက်မည်ဖြစ်ပါသည်။ -

၁၇။ လုပ်ငန်းခွင်တွင်တာဝန်ယူဆောင်ရွက်မည့် အင်ဂျင်နီယာများ၏ CV Form များတင်ပြရမည်။

၁၈။ တင်ဒါတင်သွင်းသူသည် မိမိလုပ်ကိုင်ဆောင်ရွက်လိုသည့်လုပ်ငန်းအား မြေပြင်သို့သွားရောက်ကြည့်ရှုပြီးမှ စနစ်တကျတွက်ချက်၍တင်ပြရမည်။

၁၉။ အောက်ဖော်ပြပါလုပ်ငန်းစံချိန်းစံညွှန်းများအတိုင်း လုပ်ငန်းလက်ခံသူမှ လိုက်နာဆောင်ရွက်ရမည်။

(က) လုပ်ငန်းသုံးယာဉ်၊လုပ်ငန်းသုံးစက်ကိရိယာများ ပြည့်စုံစွာရှိရမည်။

(ခ) Safety ကိုပထမဦးစားပေးပြုလုပ်ထားရမည်။ Safety နှင့်ပတ်သက်သည့်လုပ်ငန်းများကိုလုပ်ငန်းခွင်တွင်ဆောင်ရွက်သူအားလုံးလိုက်နာစေရန် သတိပေးစာတမ်းများ ကပ်ထားရမည်။

(ဂ) အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုကိုခံယူရမည်။

(ဃ) Laboratory Test ကုန်ကျစရိတ်အားသက်ဆိုင်ရာကုမ္ပဏီမှ ကျခံရမည်။

**မြို့ပြလုပ်ငန်း**

(က) အရည်အသွေးပြည့်မီသော ဘိလပ်မြေကိုသာသုံးရမည်။

(ခ) အုတ်မှာနေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အုတ်စက်ရုံမှစက်အုတ်(သို့) အရည်အသွေးပြည့်မီသောစက်အုတ်ကိုသာအသုံးပြုရမည်။

(ဂ) သဲမှာ တည်ဆောက်ရေးသုံးသဲသည် နုန်းပါဝင်မှုနည်း၍ အမှိုက်ကင်းစင်သောသဲဖြစ်ရမည်။

(ဃ) ကျောက်မှာဒေသထွက် ရေဆေးသန့်စင်ပြီး သတ်မှတ်မာခြင်းအဆင့်ရှိ အရွယ်အစားမှန်ကန်သည့် (Chipping )အမျိုးအစားပဇွန်းဖြစ်ရမည်။

(င) မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့မှ ပေးသောအကွက်ကျပုံစံ (Master Plan) ဓိသုကာပုံစံ ၊ Architecture, Design, Structure Design များအတိုင်း အရည်အသွေးပြည့်မီအောင် သတ်မှတ်ချက်များနှင့်အညီတည်ဆောက်ရမည်။

(စ) Construction Joint များကိုစနစ်တကျပြုလုပ်ပေးရမည်။

(ဆ) အဆောက်အဦအပြင်နံရံများအား Exterior ရေဆေးသုံးခွဲပေးရမည်။

(ဇ) အဆောက်အဦ၏ အတွင်းတံခါးကျည်းဘောင်များအား (၅"×၂")ကျွန်းသစ်ဖြင့်ပြုလုပ်ရန်နှင့်ကျွန်းတံခါးရွက်များပြုလုပ်ပေးရမည်။

(ဈ) အဆောက်အဦ၏ ပြူတင်းပေါက်များနှင့် Fanlight များကို Aluminium Powder Coated Frame Glass Window 8mm thk; Glass (Teak Wood) သုံးရန်နှင့် 12mm Timber Door အသုံးပြုရမည်။

(ည) အဆောက်အဦအမိုးကို 4Angle Roofing Sheet(0.4mm) ဖြစ်ရမည်။

**ရေလုပ်ငန်း**

(က) Water Supply PVC Pipe & Fitting (13.5), Sanitary PVC Pipe &Fitting (8.5) ကိုသာသုံးစွဲပေးရမည်။

(ခ) လိုအပ်သည့်နေရာများတွင် ရေဘားများတပ်ဆင်ပေးရမည်။ အလွယ်တကူဖွင့်ပိတ်နိုင်ရမည်။

(ဂ) Septic Tank, Manhole သတ်မှတ်ပုံစံအတိုင်းဆောင်ရွက်ရမည်။

(ဃ) Sewer Line , Waste Line Slope မှန်ကန်ရမည့်အပြင် အချိုးအကွေ့အနည်းဆုံးဖြင့်လွယ်ကူစွာစွန့်ထုတ်နိုင်ရန် ဆောင်ရွက်ပေးရမည်။

(င) 1HP Motor Pump အားအမျိုးအစားကောင်းမွန်သည့် စက်ပစ္စည်းသုံးစွဲပေးရမည်။

(စ) အဆောက်အဦပတ်လည်တွင် Apron & Drain, Septic Tank, Ground Tank, Over Head Tank, Tube Well ပြုလုပ်ပေးရမည်။

(ဆ) ရေလိုင်းအတွက် One Line Diagram အားရေးဆွဲတင်ပြရမည်။

**လျှပ်စစ်လုပ်ငန်း**

(က) ဝါယာမှာ Cu/XLPE/ PVC,600/1000V(XLPE Insulated & PVC Sheathed Single Core Wire ) ဖြစ်ရမည်။

(ခ) တစ်ခန်းခြင်းစီ၏ အတွင်းခန်း DB Box များတွင် သင့်တင့်လျောက်ပတ်သော ELBC Breaker ခိန်းများတပ်ဆင်ရမည်။

(ဂ) ဝါယာကြိုးများအားဖောက်မပေါင်းရ၊ ပွိုင့်တစ်ခုမှတစ်ခုသို့ ဝါယာကြိုးများအား စနစ်တကျသွယ်တန်းပြေးဆွဲပေးရမည်။

(ဃ) ဝါယာကြိုးအဆက်များမရှိစေရ။

(င) ပိုက်မှာ PVC Conduit (8.5) အသုံးပြုရမည်။

(စ) ရေမော်တာသို့ သွယ်တန်းထားသော ဝါယာကြိုးအား 2 Cover – $4mm^2$ Power Cable သုံးစွဲပြီးမှန်ကန်စွာ မြေစိုက်ကြိုးချထားရမည်။

(ဆ) လျှပ်စစ်အသုံးအဆောင်ပစ္စည်းမှန်သမျှကို မှန်ကန်စွာ မြေစိုက်ကြိုးချထားရမည်။

(ဇ) အပြင်ဘက် Corridior လျှောက်လမ်းမီးများအားသီးသန့် Main နှင့် Breaker တပ်ဆင်ပေးရမည်၊ အတွင်းအခန်းမီးလိုင်းများမှ သွယ်တန်းခြင်းမပြုရ၊

(ဈ) TV Line အတွက် TV Socket နှင့် TV Cable များအား တပ်ဆင်ပေးရမည်။

(ည) အဆောက်အဦ၏ မိုးကြိုးလွှဲနှင့် Earthing Syste အား စနစ်တကျဆောင်ရွက်ထားရမည်၊Service Cable အား မြေကြီးထဲသို့ ပိုက်နှင့်မြှုပ်ထားသည့်အပိုင်းကို သိသာထင်ရှားစေရန် မြေကြီးပေါ်တွင် Cable သွားမည့်လမ်းကြောင်းကို ကွန်ကရစ်တုံးဖြင့် အမှတ်အသား(Marking) ပြုလုပ်ပေးရမည်။

(ဋ) အဆောက်အဦတစ်လုံးချင်းစီအတွက် မီတာယူနစ်ကောက်ခံရာတွင် တိကျစေရန် Main Breaker တစ်ခုစီ နှင့် Power Line အား Line / Neutral ကြိုးများအားသီးသန့်စီ ထားရှိပေးရမည်။

(ဌ) အဆောက်အဦအတွင်း Wire များခြေးဆွဲသည့်အခါသတ်မှတ် Color Code အတိုင်းသာအသုံးပြုရမည်။

(ဍ) မီးလိုင်းအတွက် One Line Diagram အား ရေးဆွဲတင်ပြရမည်။

(ပ) အသုံးပြုသည့် လျှပ်စစ်ကြိုးနှင့်ပစ္စည်းများအား Myanmar & China Brand Not Accept India,Vietnam,Thailand and Same Good Quality Brand Accept ဖြစ်ရမည်။

၂၀။ တင်ဒါအောင်မြင်သူသည်ဆောင်ရွက်ရမည့်လုပ်ငန်းတွင်အသုံးပြုမည့်ပစ္စည်းအမျိုးအစားနှင့်စံနှုန်း သတ်မှတ်ချက်အတွက် တာဝန်ခံရမည်။

၂၁။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီသည်မိမိတင်သွင်းသောလုပ်ငန်းများအား သတ်မှတ်အရည်အသွေး နှင့်ကိုက်ညီမှု ရှိ/မရှိကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ အရည်အသွေးစစ်ဆေးရေး နှင့်လက်ခံရေးကော်မတီဖြင့် စစ်ဆေးလက်ခံမည်ဖြစ်ပြီး တင်ဒါတင်သွင်းစဉ်က စံချိန်စံညွှန်းအတိုင်း မဟုတ်ဘဲကွဲလွဲချက်များရှိပါက ပြန်လည်ဆောင်ရွက် ပေးရမည်ဖြစ်သည်။

၂၂။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီသည်လုပ်ငန်းအလိုက်ပြီးစီး၍ ငွေတောင်းခံသည့်အခါ မြန်မာ အပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့ (နေပြည်တော်)၏၊လုပ်ငန်းပြီးစီးမှုစစ်ဆေးရေး အဖွဲ့၊ စစ်ဆေးမှုကိုခံယူပြီးလုပ်ငန်း၏(၂၅%)ပြီးစီးပါကလုပ်ငန်းတန်ဖိုး၏(၂၅%)အားပထမအကြိမ် အဖြစ်လည်းကောင်း လုပ်ငန်း၏ (၅၀% )ပြီးစီးပါက လုပ်ငန်းတန်ဖိုး၏ (၂၅%)အားဒုတိယအကြိမ် ဖြစ်လည်းကောင်း၊ လုပ်ငန်း၏ (၇၅%)ပြီးစီးပါက လုပ်ငန်းတန်ဖိုး၏ (၂၅%) အားတတိယအကြိမ် ဖြစ်လည်းကောင်းပေးချေရမည်။

၂၃။ လုပ်ငန်းအတွက်ငွေပေးချေသည့်အခါတိုင်း နိုင်ငံတော်သို့ပေးသွင်းရန် (Withholding Tax 2% ) နှင့် ကုန်သွယ်လုပ်ငန်းခွန် (၅%)ကို ငွေထုတ်ယူသောအရစ်အတိုင်း ကုမ္ပဏီမှပေးဆောင်ရမည်။

၂၄။ လုပ်ငန်းအလိုက်ပြီးစီးသည့်ငွေတောင်းခံသည့်အခါ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊လုပ်ငန်း ပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့မှ စစ်ဆေးခံယူပြီး ထောက်ခံချက်ရရှိမှသာငွေထုတ်ယူခွင့်ရှိမည်ကိုသဘော တူလက်ခံရမည်။

၂၅။ အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းအတွက် Third Party အားခေါ်ယူစစ်ဆေးရမည်ဖြစ်ပြီး Third Party ၏ ညွှန်ကြားချက်အတိုင်းကုမ္ပဏီမှဆောင်ရွက်ရမည်။

၂၆။ စာရင်းစစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ကန်ထရိုက်ချုပ်တစ်ခုတစ်ရာဖြစ်ပေါ်ပါက တာဝန်ယူဖြေရှင်းပေးရမည်။တည်ဆောက်ရေးလုပ်ငန်းများအတွက် Complete Certificate ရရှိပြီးစာရင်းစစ်စစ်ဆေးပြီးသော်လည်းတစ်နှစ်ပြည့်အချိန်မှသာ ပြန်လည်ထုတ်ပေးမည်။

၂၇။ Performance Guarantee ထုတ်ပေးသော်လည်း တည်ဆောက်သည့်ကုမ္ပဏီသည် လုပ်ငန်း၏ Complete Certificate ရရှိပြီးဖြစ်သော်လည်း တည်တံ့ခိုင်မြဲမှုကို မလွန်ဆန်နိုင်သောဖြစ်ရပ်မှလွဲ၍ အနည်းဆုံး(၂)နှစ်ပြည့်သည်အထိ တာဝန်ယူရမည်ဖြစ်ပြီး ယင်းယိုယွင်းပျက်စီးမှုများကို ကုမ္ပဏီ၏ ငွေကြေးဖြင့်သာ တာဝန်ယူပြင်ဆင်ဆောက်လုပ်ပေးရမည်ဖြစ်ပါသည်။

**တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်သည့်စနစ်**

၂၈။ နည်းပညာဆိုင်ရာအဆိုပြုလွှာ (Technical Proposal )ကို တင်သွင်းရမည့် နောက်ဆုံးရက်ထက် နောက်မကျစေဘဲတင်သွင်းရမည်။ အဆိုပြုလွှာတင်သွင်းသူသည်အောက်ပါအချက်များကို သတိပြုသင့်သည်-

(က) လုပ်ငန်းတစ်ခုချင်းအလိုက်ဖော်ပြထားသောလုပ်ငန်းအားလုံးကိုပြည့်စုံစွာအဆိုပြုတင်သွင်းရန်နှင့် အဆိုပြုလွှာများတွင် ကုမ္ပဏီ၏ (Logo) ဖော်ပြပေးရမည်။

(ခ) နည်းပညာဆိုင်ရာအဆိုပြုလွှာ ( Technical Proposal ) မူရင်းတစ်ခုကို တင်သွင်းရမည်။ အဆိုပါမူရင်းကိုစာအိတ်ချိတ်ပိတ်ပြီးစာအိတ်ပေါ်တွင် "Technical Proposal"ဟုရေးသားထားရမည်။

(ဂ) ဈေးနှုန်းအဆိုပြုလွှာ Price Proposal ကိုလည်းစာအိတ်ချိပ်ပိတ်ပြီး စာအိတ်ပေါ်တွင် "Price Proposal" ဟုရေးသားထားရမည်။ လုပ်ငန်းတစ်ခုချင်းအလိုက် ခန့်မှန်းကုန်ကျငွေများပူးတွဲတင်ပြရမည်။

၂၉။ နည်းပညာဆိုင်ရာအဆိုပြုလွှာ ( Technical Proposal )စာအိတ်(A) နှင့် Price Proposal စာအိတ်(B)နှစ်မျိုးစလုံးအား (၂၈-၃-၂၀၁၉)ရက် (၁၆:၀၀) နာရီ ဈေးနှုန်းအဆိုပြုလွှာနောက်ဆုံးထားတင်ပြရမည်။

၃၀။ တင်ဒါတင်ပြရန်အချက်အလက်များမပြည့်စုံသည့်အပြင် ယုံကြည်လက်ခံနိုင်ဖွယ်မရှိသောတင်ဒါလျှောက်လွှာ များကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ ပယ်ချနိုင်ခွင့်ရှိသည်။

၃၁။ ကြေးနန်းဖြင့်ပေးသွင်းလာသောအိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများကို လုံးဝလက်ခံမည်မဟုတ်ပါ။ အိတ်ဖွင့်တင်ဒါကိုကုမ္ပဏီမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူကိုယ်တိုင်တင်ဒါတင်သွင်းရမည့်နေရာတွင်သတ်မှတ်ရက်အတွင်းလာရောက်တင်သွင်းရမည်ဖြစ်ပြီး တင်ဒါအာမခံစဘော်ငွေကို ပြန်လည်ထုတ်ယူရာတွင်လည်း ကုမ္ပဏီမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူကိုယ်တိုင်ယူရမည်။

၃၂။ တင်ဒါဈေးနှုန်းတူညီနေပါက အသုံးပြုမည့်ပစ္စည်း၊အင်ဂျင်နီယာပညာရပ်များနှင့် လုပ်ငန်းအတွေ့အကြုံတို့ကိုအခြေခံ၍ တင်ဒါကော်မတီမှ ဆုံးဖြတ်ချက်ချပါမည်။

၃၃။ တင်ဒါကော်မတီမှ အခါအားလျော်စွာထုတ်ပြန်ထားသည့် အခြားစည်းကမ်းညွှန်ကြားများကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်။

၃၄။ တင်ဒါကော်မတီမှ အိတ်ဖွင့်တင်ဒါကို ရက်ရွှေ့ဆိုင်းခြင်း၊ပယ်ဖျက်ခြင်းပြုလုပ်နိုင်သည်။

၃၅။ တင်ဒါနှင့်ပက်သက်၍အမည်ပျက်ရှိသူများ၊လိုင်စင်ကြေး၊ဒဏ်ကြေးကျန်ရှိသူများ၊ အမည်ပျက်စာရင်းဝင်ဖူးခဲ့သူများကို တင်ဒါရောင်းချပေးမည်မဟုတ်ပါ ၊တင်ဒါအောင်မြင်ပြီးမှ ယင်းအချက်အလက်များ စစ်ဆေးတွေ့ရှိပါက တင်ဒါအောင်မြင်ခြင်းကို ပယ်ဖျက်မည်။

၃၆။ အဆိုပြုတင်သွင်းသည့် အိတ်ဖွင့်တင်ဒါတွက်ချက်မှုကို အိတ်ဖွင့်တင်ဒါတင်သွင်းသူမှ လုံးဝတာဝန်ယူရမည်။(မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများရှိပါက တွက်ချက်တင်သွင်းသူ၌သာ တာဝန်ရှိပါသည်။

၃၇။ အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ တွက်ချက်သတ်မှတ်ထားသော နှုင့်ပြုရန်ပုံငွေဖြစ်သည့် အမြင့်ဆုံးကြမ်းခင်းဈေးထက်မကျော်လွန်သော တင်သွင်းသူကိုသာ ဆက်လက်စိစစ်ရွေးချယ်ပေးမည်ဖြစ်ပါ သည်။

၃၈။ လုပ်ငန်းတစ်ခုအတွက်ဝင်ရောက်ယှဉ်ပြိုင်သူမရှိခြင်း သို့မဟုတ် တင်ဒါအောင်မြင်သူမရှိပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့်သာဆောင်ရွက်သွားပါမည်။

၃၉။ တင်ဒါတင်သွင်းထားသူ၏ ကိုယ်စားလှယ်များ(အနိမ့်ဆုံးဒါရိုက်တာအဆင့်အဖွဲ့ဝင်)သည် တင်ဒါဖွင့်မည့် အချိန်တွင် အနည်းအဆေးသို့ မပျက်မကွက်တက်ရောက်ရမည်။တက်ရောက်ရန်ပျက်ကွက်ပါက တင်သွင်းလိုခြင်းမရှိဟုယူဆ၍ တင်ဒါစာရင်းမှ ပယ်ဖျက်မည်ဖြစ်ပါသည်။

**လုပ်ငန်းဆောင်ရွက်ချိန် သတ်မှတ်ချက်**

၄၀။ တင်ဒါကော်မတီ၏ ဆုံးဖြတ်ချက်အရ တင်ဒါအောင်မြင်သူသည် တင်ဒါစာချုပ်ချုပ်ဆိုပြီး သည့်နေ့မှ (၇)ရက်အတွင်းလုပ်ငန်းများ စတင်ဆောင်ရွက်ရမည်။လုပ်ငန်းသုံးပစ္စည်းများ စတင်စုဆောင်းရမည်။ တင်ဒါအောင်မြင်သည့်လုပ်ငန်းများကိုစာချုပ်ချုပ်ဆိုပြီးသည့်နေ့မှ(၃၁.၈.၂၀၁၉)ရက်နောက်ဆုံးထား၍(၁၀၀%)ပြီးစီးအောင်ဆောင်ရွက်ရမည်။

**အရေးယူမှု**

၄၁။ ဆောင်ရွက်ရမည့်လုပ်ငန်းပမာဏအားတင်ဒါအောင်မြင်သူမှသတ်မှတ်ကာလအမီဆောင်ရွက်ပြီးစီးနိုင်မည်ဟု တင်ဒါကော်မတီမှ မယုံကြည်တော့သည့်အချိန်တွင် ပထမတင်ဒါအောင်မြင်သူကိုတာဝန်မှ ရပ်သိမ်းပြီး အောင်မြင်သူအဆင့်ဆင့်ကို ပထမတင်ဒါအောင်မြင်သူ၏ဈေးနှုန်းအတိုင်းလုပ်ငန်းဆက်လက်ဆောင်ရွက်စေမည်။

၄၂။ တင်ဒါကော်မတီ၏ဆုံးဖြတ်ချက်များအရ လုပ်ငန်းတင်ဒါအောင်မြင်သူသည် တင်ဒါစည်းကမ်းများကိုလိုက်နာရန်ပျက်ကွက်ပါက တင်ဒါကော်မတီ၏ဆုံးဖြတ်ချက်နှင့်အရေးယူမှုကို သဘောတူပြီးဖြစ်သည်။ သဘောတူညီပြီးမှသာ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရမည်။တည်ဆောက်သည့်ကုမ္ပဏီသည်

တည်ဆောက်ရေးလုပ်ငန်း၏ တည်တံ့ခိုင်မြဲမှုကို မလွန်ဆန်နိုင်သောဖြစ်ရပ်မှလွဲ၍ အနည်းဆုံး(၂)နှစ်ပြည့်သည်အထိ တာဝန်ယူရမည်။

၄၃။ အင်ဂျင်နီယာစံချိန်စံညွှန်းနှင့်အညီသတ်မှတ်ရက်၊သတ်မှတ်ကာလအတွင်းပြီးစီးရန်ဆောင်ရွက်ရမည်ဖြစ်ပြီးဆောင်ရွက်ရန်သတ်မှတ်ကာလအတွင်းမပြီးစီးပါက နောက်ကျဒဏ်ကြေးအားတစ်ရက်လျှင်လုပ်ငန်းပြီးစီးရန်ကျန်ရှိသည့်လုပ်ငန်းတန်ဖိုး၏ (၀.၀၁ %)ဖြင့်နောက်ကျရက်များအတိုင်းပေးဆောင်ရမည်။ နောက်ကျဒဏ်ကြေးအားရက်ပေါင်း(၃၀)အထိသာဆောင်ခွင့်ပြုပြီး ထိုရက်ကျော်လွန်၍လုပ်ငန်းဆောင်ရွက်ပြီးစီးအပ်နှံနိုင်ခြင်းမရှိပါက လုပ်ငန်းရပ်စဲ၍ တင်ဒါအောင်မြင်သည့်ကုမ္ပဏီအားအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ပြီးစီးသောလုပ်ငန်းအတွက် တင်ဒါကော်မတီနှင့် မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့၏ တိုင်းတာမှုအရသာပေးချေ မည်။

၄၄။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊ စာချုပ်ပါစည်းကမ်းအတိုင်းတစ်သွေမတိမ်းလိုက်နာဆောင်ရွက်ခြင်းမရဘဲစာချုပ်စည်းကမ်းများကိုဖောက်ဖျက်ပါကတရားဥပဒေအရအရေးယူခံရမည့်အပြင် လုပ်ငန်းပြီးမြောက်မှုအာမခံကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီရန်ပုံငွေအဖြစ်သိမ်းယူမည်။

၄၅။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းခွင်တွင် အမှန်တကယ်ထားရှိမည့် ယာဉ်စက်ယန္တရားစာရင်းနှင့်အင်ဂျင်နီယာစာရင်းအတိုင်း လုပ်ငန်းခွင်တွင်ထားရှိဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါကကုမ္ပဏီအား(၃)ကြိမ်အထိ သတိပေးပြီးလိုက်နာခြင်းမရှိပါကတင်ဒါအောင်မြင်သူအဖြစ်မှ ရုပ်သိမ်းမည်။ပြီးစီးသောလုပ်ငန်းအတွက်တင်ဒါကော်မတီနှင့်မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့၏ တိုင်းတာမှုအရသာပေးချေမည်။

၄၆။ လုပ်ငန်းဆောင်ရွက်ရာတွင်သုံးစွဲသည့်လုပ်ငန်းပစ္စည်းများသည်အရည်အသွေးပြည့်မီခြင်းမရှိကြောင်း သက်ဆိုင်ရာ တာဝန်ခံအင်ဂျင်နီယာနှင့် အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီတို့မှ စစ်ဆေးတွေ့ ရှိလျှင်ဆောင်ရွက်ပြီးလုပ်ငန်းကို ဖျက်သိမ်း၍ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရမည်။

၄၇။ လုပ်ငန်းဆောင်ရွက်ချိန်တွင်မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့၏ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့ဖြင့် စဉ်ဆက်မပြတ်စစ်ဆေးခြင်းကို လက်ခံရမည်။

၄၈။ တင်ဒါအောင်မြင်သူသည် အဆောက်အဦတည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းလိုအပ်ချက်များရှိပါကတင်ဒါကော်မတီမှ အခါအားလျော်စွာညွှန်ကြားမှုကိုစံနှုန်းခြေစာရင်းတွင်မပါဝင်သော်လည်းဆောင်ရွက်ပေးရမည်။

၄၉။ တင်ဒါတင်သွင်းသူသည် ဤတင်ဒါစည်းကမ်းများကို သိရှိလိုက်နာပါမည်ဟု ဝန်ခံကတိပြုပြီးဖြစ်ရပါမည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

သံကူကွန်ကရစ်(၂)ထပ်(အများသုံးသန့်စင်ခန်းနှင့် လုံခြုံရေးအဆောက်အဦ)
တည်ဆောက်ခြင်းလုပ်ငန်းအတွက် တင်ဒါ အောင်မြင်သူမှလိုက်နာရမည့် လုပ်ငန်းစံချိန်စံညွှန်းများ

LOT-2

(က) လုပ်ငန်းသုံးယာဉ်၊ လုပ်ငန်းသုံးစက်ကိရိယာများ ပြည့်စုံစွာရှိရမည်။

(ခ) Safety ကိုပထမဦးစားပေးပြုလုပ်ထားရမည်၊ Safety နှင့်ပတ်သတ်သည့်လုပ်ငန်းများကိုလုပ်ငန်းခွင်တွင်ဆောင်ရွက်သူအားလုံးလိုက်နာစေရန် သတိပေးစာတမ်းများကပ်ထားရမည်။

(ဂ) အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုကိုခံယူရမည်။

ပြုပြင်လုပ်ငန်း

(က) MS Rod (HRB .500) အသုံးပြုရမည်။

(ခ) အသုံးပြုမည့်သံကူကွန်ကရစ်သည် (2500 PSI )ပြည့်မှီရမည်။

(ဂ) အရည်အသွေးပြည့်မှီသော ဘိလပ်မြေ သာအသုံးပြုရမည်။

(ဃ) အုတ်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၊ အုတ်စက်ရုံမှ(၁၀)ပေါက်စက်အုတ်(သို့) အရည်အသွေးပြည့်မှီသောစက်အုတ်ကိုသာ အသုံးပြုရမည်။

(င) သဲမှာ တည်ဆောက်ရေးသုံးသဲသည် နုန်းပါဝင်မှုနည်း၍ အမှိုက်ကင်းစင်သောသဲဖြစ်ရမည်။

(စ) ကျောက်မှာ ဒေသထွက် ရေဆေးသန့်စင်ပြီး သတ်မှတ်မာခြင်းအဆင့်ရှိ အရွယ်အစားမှန်ကန်သည့် (Chipping) အမျိုးအစားပစ္စည်းဖြစ်ရမည်။

(ဆ) တံခါးကျည်းဘောင်နှင့်တံခါးများမှအပ ကျန်သစ်များကို Hard Wood အုပ်စု(က)ကိုသာ အသုံးပြုရမည်။

(ဇ) အသုံးပြုသည့် Steel Member များသည် As Per Drawing အတိုင်းဖြစ်ရမည်။

(ဈ) မြန်မာအပြည်ပြည်ဆိုင်ရာအင်ဂျင်နီယာများအဖွဲ့မှပေးသော အကွက်ချပုံစံ (MastePlan) ဗိသုကာပုံစံ ၊ Architecture, Design, Structure Design များအတိုင်း အရည်အသွေးပြည့်မှီအောင် သတ်မှတ်ချက်များနှင့်အညီတည်ဆောက်ရမည်။

(ည) Construction Joint များကို စနစ်တကျပြုလုပ်ပေးရမည်။

(ဋ) အဆောက်အဦအပြင်နံရံများအား Exterior ရေဆေးသုံးပေးရမည်၊

(ဌ) အဆောက်အဦ၏အတွင်းတံခါးကျည်းဘောင်များအား ( ၅"x ၂" )ကျွန်းသစ်ဖြင့်ပြုလုပ်ရန်နှင့် ကျွန်းတံခါးရွက်များပြုလုပ်ပေးရမည်၊

(ဍ) အဆောက်အဦး၏ ပြတင်းပေါက်များနှင့် Fanlight များကို Aliuminium Powder Coated Frame Glass Window နှင့် 8mm thk; glass သုံးရန်။

(ဎ) အသုံးပြုသည့် Composite များနှင့်ကြွေပြားများသည် အနိမ့်ဆုံး Thai Made များကိုသာ အသုံးပြုရမည်။

(ဏ) အဆောက်အဦးအမိုး 4 Angle Roofing Sheet (0.4 mm) ဖြစ်ရမည်။

(တ) အသုံးပြုမည့်သံပန်းများသည် As Per Drawing အတိုင်းဖြစ်ရမည်။

(ထ) Ceiling ၏ Frame Spacing များသည် As Per Drawing အတိုင်းဖြစ်ရမည်။

ရေလုပ်ငန်း

(က) Water Supply PVC Pipe & Fitting (13.5), Sanitary PVC Pipe & Fitting (8.5) ကိုသာ အသုံးပြုရမည်။

(ခ) လိုအပ်သည့်နေရာများတွင် ရေဘားများတပ်ဆင်ပေးရမည်။ အလွယ်တကူဖွင့် ပိတ်နိုင်ရမည်။

(ဂ) Septic Tank,Manhole များကို သတ်မှတ်ပုံစံအတိုင်း ဆောင်ရွက်ရမည်။

(ဃ) အဆောက်အဦးပတ်လည်တွင် Apron & Drain ဖောက်လုပ်၍ မြောင်းအတွင်းပိုက်လိုင်းများ သွယ်တန်းခြင်းမပြုလုပ်ရ။

(င) Sewer Line, Waste Line Slope များမှန်ကန်ရမည့်အပြင် အချိုးအကွေ့အနည်းဆုံးဖြင့် လွယ်ကူစွာစွန့်ထုတ်နိုင်ရန် ဆောင်ရွက်ပေးရမည်။

(စ) 1 HP Motor Pump အား အမျိုးအစားကောင်းမွန်သည့်စက်ပစ္စည်း သုံးစွဲပေးရမည်။

(ဆ) အဆောက်အဦးပတ်လည်တွင် Apron & Drain ဖောက်လုပ်၍ မြောင်းအတွင်းပိုက်လိုင်းများ သွယ်တန်းခြင်း မပြုလုပ်ရ။

(ဇ) ရေလိုင်းအတွက် One Line Diagram အားရေးဆွဲရမည်။

(ဈ) အသုံးပြုသည့်ရေပိုက်ဆက်သွယ်သည့်ပစ္စည်းများသည်အနိမ့်ဆုံး Thai Made များကိုသာအသုံးပြုရမည်။

လျှပ်စစ်လုပ်ငန်း

(က) ဝါယာမှာ Cu / XLPE / PVC,600 / 1000V (XLPE Insulated & PVC Sheathed Single Core Wire ) ဖြစ်ရမည်။

(ခ) တစ်ခန်းချင်းစီ၏ အတွင်းခန်း DB Box များတွင် သင့်တင့်လျှောက်ပတ်သော ELCB Breaker မိန်းများ တပ်ဆင်ရမည်။

(ဂ) ဝါယာကြိုးများအား ဖောက်မပေါင်းရ၊ ပွိုင့်တစ်ခုမှတစ်ခုသို့ ဝါယာကြိုးများအား စနစ်တကျ သွယ်တန်းပြေးဆွဲပေးရမည်။

(ဃ) ဝါယာကြိုးအဆက်များမရှိစေရ။

(င) ပိုက်မှာ PVC Conduit (8.5) အသုံးပြုရမည်။

(စ) ရေမော်တာသို့သွယ်တန်းထားသော ဝါယာကြိုးအား 2 Cover – $4mm^2$ Power Cable သုံးစွဲပြီး မှန်ကန်စွာမြေစိုက်ကြိုးချထားရမည်။

(ဆ) လျှပ်စစ်အသုံးအဆောင်ပစ္စည်းမှန်သမျှကို မှန်ကန်စွာ မြေစိုက်ကြိုးချထားရမည်။

(ဇ) အပြင်ဘက် Corridior လျှောက်လမ်းမီးများအားသီးသန့် Main နှင့် Breaker တပ်ဆင်ပေးရမည်။ အတွင်းအခန်းမီးလိုင်းများမှ သွယ်တန်းခြင်းမပြုရ။

(ဈ) TV Line အတွက် TV Socket နှင့် TV Cable များအား တပ်ဆင်ထားရှိပေးရမည်။

(ည) အဆောက်အဦ၏ မိုးကြိုးလွှဲနှင့် Earthing System အားစနစ်တကျဆောင်ရွက်ထားရမည်။ Service Cable အား မြေကြီးထဲသို့ ပိုက်နှင့်မြှုပ်ထားသည့်အပိုင်းကို သိသာထင်ရှားစေရန် မြေကြီးပေါ်တွင် Cable သွားမည့်လမ်းကြောင်းကို ကွန်ကရစ်တုံးဖြင့် အမှတ်အသား (Marking) ပြုလုပ်ပေးရမည်။

(ဋ) အဆောက်အဦတစ်လုံးချင်းစီအတွက် မီတာယူနစ်ကောက်ခံရာတွင် တိကျစေရန် Main Breaker တစ်ခုစီနှင့် Power Line အား Line / Neutral ကြိုးများအား သီးသန့်စီထားရှိပေးရမည်။

(ဌ) အဆောက်အဦအတွင်း Wire များပြေးဆွဲသည့်အခါသတ်မှတ် Color Code အတိုင်းသာ အသုံးပြုရမည်။

(ဍ) မီးလိုင်းအတွက် One Line Diagram အား ရေးဆွဲတင်ပြရမည်။

(ပ) အသုံးပြုသည့် လျှပ်စစ်ကြိုးနှင့်ပစ္စည်းများအား Myanmar & China Brand Not Accept. India, Vietnam,Thailand and Same Good Quality Brand Accept ဖြစ်ရမည်။